# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပြည်ထဲရေးဝန်ကြီးဌာန

## အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား
## တားဆီးနှိမ်နင်းခြင်းနည်းဥပဒေများ

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်

# အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်းနည်းဥပဒေများ

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | အခန်း(၁) | အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက် | ၁ - ၃ |
| ၂။ | အခန်း(၂) | ပြည်တွင်းအကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာခြင်းနှင့် ထိန်းချုပ်မိန့်ထုတ်ပြန်ခြင်း၊ | ၃ - ၇ |
| ၃။ | အခန်း(၃) | အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအားတားဆီးနှိမ်နင်းရေး လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် ယင်း၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ၊ | ၇ - ၈ |
| ၄။ | အခန်း(၄) | အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် ကုလသမဂ္ဂက သတ်မှတ်ချက်ကို ကြေညာခြင်းနှင့် ထိန်းချုပ်မိန့်ထုတ်ပြန်ခြင်း၊ | ၉ - ၉ |
| ၅။ | အခန်း(၅) | သတ်မှတ်ကြေညာခြင်းခံရသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုများအား အတည်ပြုဖော်ထုတ်ခြင်း၊ | ၉ - ၁၁ |
| ၆။ | အခန်း(၆) | စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်း၊ | ၁၁ - ၁၃ |
| ၇။ | အခန်း(၇) | ကြီးကြပ်ရေးအာဏာပိုင်တို့၏ လုပ်ငန်းတာဝန်များ၊ | ၁၃ - ၁၄ |
| ၈။ | အခန်း(၈) | သတင်းပို့အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များ၊ | ၁၄ - ၁၆ |
| ၉။ | အခန်း(၉) | ပြည်တွင်းအကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ကြေညာချက်ကိုပြန်လည်ရုပ်သိမ်းခြင်း၊ | ၁၆ - ၁၇ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀။ အခန်း(၁၀) | သတ်မှတ်ကြေညာခြင်းဆိုင်ရာမှားယွင်းမှုများကို ပြင်ဆင်သည့်လုပ်ထုံးလုပ်နည်းများ၊ | ၁၇ - ၁၈ |
| ၁၁။ အခန်း(၁၁) | ထိန်းချုပ်ထားသည့် ရန်ပုံငွေများအား ရယူသုံးစွဲရန်ခွင့်ပြုခြင်း၊ | ၁၈ -၂၀ |
| ၁၂။ အခန်း(၁၂) | တတိယလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ အကျိုးစီးပွားအား ကာကွယ်ခြင်းနှင့် အငြင်းပွားမှုများအားဖြေရှင်းခြင်း၊ | ၂၀ - ၂၁ |
| ၁၃။ အခန်း(၁၃) | အထွေထွေ | ၂၂ - ၂၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပြည်ထဲရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ်(၁၂၀၂ /၂၀၁၅)**

**၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်**

**(၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)**

**နိဒါန်း**

ပြည်ထဲရေးဝန်ကြီးဌာနသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇၂၊ ပုဒ်မခွဲ(က) အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့ခြင်းမှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်းကိစ္စရပ်များကို ဆောင်ရွက်ရန်အလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ နည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကိုဆိုသည်၊

(ခ) **အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှု** ဆိုသည်မှာ ဥပဒေ ပုဒ်မ ၄၁၊ ၄၂၊ ၄၃(က) သို့မဟုတ် ၄၄ ပါ ပြဋ္ဌာန်းထားသော ပြစ်မှုကို ဆိုသည်။

(ဂ) **ဗဟိုအဖွဲ့** ဆိုသည်မှာ ဥပဒေ ပုဒ်မ ၃(ရ) တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသော အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ဆိုသည်။

(ဃ) **လုပ်ငန်းကော်မတီ** ဆိုသည်မှာ နည်းဥပဒေ ၁၃ အရ ဗဟို အဖွဲ့ကဖွဲ့စည်းစထားသော အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း လုပ်ငန်း ကော်မတီကို ဆိုသည်။

(င) **သတ်မှတ်ကြေညာခြင်းခံရသူ** ဆိုသည်မှာ ကုလသမဂ္ဂလုံခြုံရေး ကောင်စီ ၏ ကြေညာချက်အရသော်လည်းကောင်း၊ ဥပဒေ ပုဒ်မ ၆ (င) နှင့် နည်းဥပဒေ ၉(ဂ) အရ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် ဗဟိုအဖွဲ့က သတ်မှတ်ခြင်း ခံထား ရသည့် ပုဂ္ဂိုလ်၊ အဖွဲ့ အစည်း၊ အသင်း အဖွဲ့ သို့မဟုတ် အုပ်စုကို ဆို သည်။

(စ) **ကြီးကြပ်ရေးအာဏာပိုင်** ဆိုသည်မှာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ သတင်းပို့ရန်သတ်မှတ်ထားသည့် သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ယင်းဥပဒေအရ သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်စေရေးအတွက် ကြီးကြပ်ရန် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ က တာဝန်ပေးအပ်ခြင်းခံရသူကိုဆိုသည်။

(ဆ) **သတင်းပို့အဖွဲ့အစည်း** ဆိုသည်မှာ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ သတင်းပို့ရန်သတ်မှတ်ထားသည့် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့်ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုဆိုသည်။ ယင်းစကားရပ်တွင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ကအခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတင်းပို့ရန် သတ်မှတ်တာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့အစည်းများလည်းပါဝင်သည်။

(ဇ) **ငွေကြေး**ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် သို့မဟုတ် ပြည်ပနိုင်ငံတစ်ခုခုက ထုတ်ဝေထားပြီး တရားဝင်လဲလှယ်အသုံးပြုနိုင်သည့် ငွေဒင်္ဂါး၊ ငွေအကြွေနှင့် ငွေစက္ကူများ၊ လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများဖြစ်သည့် ငွေပေးကတိစာချုပ်များ၊ ငွေလွှဲလက်မှတ်များ၊ ချက်လက်မှတ်များ၊ ငွေချေးစာချုပ်များ၊ ငွေတိုက်စာချုပ်များ၊ ကြွေးမြီအာမခံစာချုပ်များ၊ နိုင်ငံခြားသုံးငွေများ၊ ယင်းငွေများနှင့် ဆက်စပ်နေသော စာချုပ်စာတမ်းတစ်မျိုးမျိုး သို့မဟုတ် လက်မှတ်များကိုဆိုသည်။

(ဈ) **ပစ္စည်း**ဆိုသည်မှာ ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ မည်သည့်ပုံစံဖြင့်မဆို တည်ရှိသော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်း သို့မဟုတ် မရွှေ့ပြောင်းနိုင် သည့်ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ပစ္စည်းနှင့် စပ်လျဉ်း၍ ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းအမှတ်အသား၊ အီလက်ထရောနစ်နည်းလမ်းဖြင့် ပစ္စည်းကိုအသုံးချ၍ ဆောင်ရွက်ရာမှရရှိသည့် အကျိုးအမြတ်၊ အခွင့်အရေး၊ အစုပေါ်အမြတ်၊ ပိုင်ဆိုင်ခွင့်နှင့် အခြားဝင်ငွေများလည်းပါဝင်သည်။

(ည) **တားမြစ်ချက်** ဆိုသည်မှာ သတ်မှတ်ကြေညာခြင်းခံရသူနှင့် ဆက်နွှယ်နေသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုပိုင် ပစ္စည်းများနှင့် ရန်ပုံငွေများနှင့်စပ်လျဉ်း၍ ငွေကြေးဝန်ဆောင်မှု၊ ငွေကြေးလွှဲပြောင်းမှု မပြုလုပ်ရန် ဗဟိုအဖွဲ့က အမိန့်ထုတ်ပြန် တားမြစ်ခြင်းကို ဆိုသည်။

(ဋ) **ထိန်းချုပ်မိန့်** ဆိုသည်မှာ သတ်မှတ်ကြေညာခြင်းခံရသူနှင့်ဆက်နွှယ်နေသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုပိုင်ပစ္စည်းများနှင့် ရန်ပုံငွေများကို တနည်းနည်းဖြင့် ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖျောက်ဖျက်ခြင်း၊ ဖုံးကွယ်ခြင်း တို့မပြုနိုင်စေရန် ဗဟိုအဖွဲ့က အမိန့် ထုတ်ပြန်ထိန်းချုပ်ခြင်းကိုဆိုသည်။

(ဌ) **ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်** ဆိုသည်မှာ ကုလသမဂ္ဂပဋိညာဉ်စာချုပ် အခန်း(၇)ပါ ပြဋ္ဌာန်းချက်များအရ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် ကိုဆိုသည်။

(ဍ) **ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ဆိုင်ရာကော်မတီ** ဆိုသည်မှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၂၆၇ ကော်မတီနှင့် ၁၉၈၈ ကော်မတီများအပါအဝင် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက် ဆိုင်ရာ အရေးယူဆောင်ရွက်ရေးကော်မတီ အသီးသီးကို ဆိုသည်။

(ဎ) **တတိယလူပုဂ္ဂိုလ်၊ အဖွဲ့အစည်း** ဆိုသည်မှာ အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှု ကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုနှင့်ဆက်စပ်သည့် ငွေကြေး၊ ပစ္စည်းများနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်းခံရသူမဟုတ်ဘဲ အဆိုပါငွေကြေးနှင့်ပစ္စည်းတစ်ခုခုကို သဘောရိုးဖြင့် အဖိုးစားနားပေး၍ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူထားပြီး လက်ဝယ်ထားရှိသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

## အခန်း (၂)

## ပြည်တွင်းအကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာခြင်းနှင့် ထိန်းချုပ်မိန့်ထုတ်ပြန်ခြင်း

၃။ ဗဟိုအဖွဲ့သည် အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်လျှင် အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုတစ်ခုခုကို အကြမ်းဖက်အုပ်စုအဖြစ်လည်းကောင်း၊ သူတစ်ဦးဦးကို အကြမ်းဖက် သမားအဖြစ်လည်းကောင်း ဆောလျင်စွာသတ်မှတ်ကြေညာနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက် ရယူရမည် -

(က) လုပ်ငန်းကော်မတီနှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးအဖွဲ့များမှ တင်ပြခြင်း၊

(ခ) နိုင်ငံခြားတိုင်းပြည် တစ်ခုခု၏ တောင်းဆိုချက်ကို လက်ခံရရှိခြင်း၊

(ဂ) နိုင်ငံတော်နှင့် အများပြည်သူအပေါ် ရုတ်ချည်းအန္တရာယ်ကျရောက်နိုင်သည့် အခြေအနေရှိခြင်း။

၄။ နိုင်ငံခြားတိုင်းပြည်တစ်ခုခုသည် နည်းဥပဒေ ၃(ခ)အရ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ်သတ်မှတ်ကြေညာရန် တောင်းဆိုချက်တစ်ရပ်ကိုဗဟိုအဖွဲ့သို့ နိုင်ငံခြားရေး ဝန်ကြီးဌာနမှတစ်ဆင့် သံတမန်နည်းလမ်းဖြင့် တင်သွင်းရမည်။

၅။ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာပေးရန် တောင်းဆိုချက်တစ်ရပ်တွင် အောက်ပါအချက်များအား မြန်မာဘာသာဖြင့်ဖြစ်စေ အင်္ဂလိပ်ဘာသာ ဖြင့်ဖြစ်စေ တောင်းဆိုရမည်-

(က) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ပေးရန် တောင်းဆိုခြင်းခံရသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် မည်သူမည်ဝါ ဖြစ်ကြောင်း အတည်ပြုနိုင်မည့် အထောက်အထားများ၊

(ခ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်ကြောင်း သို့မဟုတ် အဆိုပါ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်နှင့်ဆက်နွယ် ပတ်သက်ကြောင်း အတည်ပြုနိုင်မည့်အောက်ဖော်ပြပါအချက်အလက်များ-

(၁) ဖော်ထုတ်ရရှိသည့်သတင်းအချက်အလက်များ၊

(၂) နောက်ခံအကြောင်းအရာသတင်းအချက်အလက်များ၊

(ဂ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ပေးရန် တောင်းဆိုရခြင်း၏ အကြောင်းအရင်း၊

(ဃ) သတ်မှတ်ပေးရန်တောင်းဆိုခြင်းခံရသည့် အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အဖွဲ့ အစည်းအပေါ် ချမှတ်ထားသည့် အရေးယူဆောင်ရွက်မှုများ၊

(င) တောင်းဆိုသည့်နိုင်ငံ၏ ဆက်သွယ်ဆောင်ရွက်ရမည့် ဌာန၊ ပုဂ္ဂိုလ်၊ လိပ်စာ။

၆။ ဗဟိုအဖွဲ့သည် နည်းဥပဒေ ၃ အရ ဆောင်ရွက်ရာတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက် အမှတ် ၁၃၇၃ တွင် ဖော်ပြထားသည့် အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာခြင်းဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များအပါအဝင် အောက်ဖော်ပြပါအချက်များနှင့် ကိုက်ညီသည်ဟု ယုံကြည်ရန် ကျိုးကြောင်းခိုင်လုံသည့် အခြေခံအချက်များရှိသည်ဟု ယူဆပါက သတ်မှတ်ကြေညာနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်-.

(က) အကြမ်းဖက်မှုကို ကျူးလွန်ခြင်း၊

(ခ) အကြမ်းဖက်လုပ်ရပ်ကို ကျူးလွန်ခဲ့သော သို့မဟုတ် ကျူးလွန်ရန် အားထုတ်ခဲ့သော သို့မဟုတ် အကြမ်းဖက်လုပ်ရပ်ကျူးလွန်ရာတွင် သို့မဟုတ် ထောက်ပံ့ရာတွင်ပါဝင်ခဲ့သော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စု၊

(ဂ) သတ်မှတ်ကြေညာခြင်းခံရသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုတစ်ရပ်ရပ်က တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်သော သို့မဟုတ် ထိန်းချုပ်ထားခြင်းခံရသော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စု၊

(ဃ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စု တစ်ခုခုအဖြစ် သတ်မှတ်ထားခြင်းခံရသူ၏ ကိုယ်စားဖြစ်စေ သို့မဟုတ် ညွှန်ကြားချက်အရ ဖြစ်စေ ဆောင်ရွက်သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စု။

၇။ ဗဟိုအဖွဲ့သည် နည်းဥပဒေ ၃အရ သတ်မှတ်ကြေညာရန်အဆိုပြုချက်ကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရာတွင် အောက်ဖော်ပြပါ သတင်းအချက်အလက်များနှင့် အထောက်အထားများပါဝင်ရမည်-

(က) ကိုယ်ရေး အချက်အလက် အပါအဝင် လိုအပ်သောအထောက်အထား / စာရွက်စာတမ်းများ၊

(ခ) ဖြစ်စဉ် အကျဉ်းချုပ်၊

(ဂ) တွေ့ရှိချက်၊

(ဃ) သုံးသပ်တင်ပြချက်၊

(င) အခြားလိုအပ်သော သတင်းအချက်အလက်များ။

၈။ ဗဟိုအဖွဲ့သည် ထိန်းချုပ်မိန့်အား ကြိုတင်သတိပေးခြင်းနှင့် နှောင့်နှေးကြန့်ကြာခြင်းများမရှိစေဘဲ သတင်းပို့အဖွဲ့အစည်းများအပါအဝင် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများသို့ ထုတ်ပြန်ရန်လုပ်ငန်းကော်မတီကို ညွှန်ကြားရမည်။

၉။ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရရှိပါက ဗဟိုအဖွဲ့သည်-

(က) လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုတစ်ရပ်အား အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာသည်နှင့် တစ်ပြိုင်နက် နည်းဥပဒေ ၈ နှင့်အညီဆောင်ရွက်ရန် လုပ်ငန်းကော်မတီကို ညွှန်ကြားရမည်။

(ခ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ် ကြေညာချက်အားမပယ်ဖျက်သရွေ့ သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ထိန်းချုပ်မိန့် အတိုင်း လိုက်နာဆောင်ရွက်မှုရှိစေရေးကြီးကြပ်ရန် လုပ်ငန်းကော်မတီကို ညွှန်ကြားရမည်။

(ဂ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ချက်များနှင့် ထိန်းချုပ်မိန့်များကို နိုင်ငံတော်ပြန်တမ်း၊ ဗဟိုအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ အင်တာနက်စာမျက်နှာများတွင် ထုတ်ပြန်ကြေညာရမည်။

(ဃ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အဖွဲ့အစည်းအဖြစ်သတ်မှတ်ကြေညာချက်ကို ကုလသမဂ္ဂလုံခြုံရေးဆိုင်ရာဆုံးဖြတ်ချက်ကော်မတီနှင့် မိမိ တောင်းဆိုလိုသည့် နိုင်ငံခြားတိုင်းပြည်တို့၏ သတ်မှတ်ကြေညာချက်စာရင်းများတွင် ထည့်သွင်းနိုင်ရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ကုလသမဂ္ဂလုံခြုံရေးဆိုင်ရာဆုံးဖြတ်ချက်ကော်မတီနှင့် သက်ဆိုင်ရာနိုင်ငံခြားအာဏာပိုင်များထံသို့ ဆက်သွယ် အကြောင်းကြားရမည်။

(င) နည်းဥပဒေ ၁၀ တွင်ဖော်ပြထားသည့် ရန်ပုံငွေများကို ဖော်ထုတ်ခြင်း၊ ကွင်းဆက်များရှာဖွေ ဖော်ထုတ်ခြင်း၊ တည်နေရာအတည်ပြုခြင်း သို့မဟုတ် အရေးအတွက် သတ်မှတ်ခြင်းများဆောင်ရွက်ရန် လုပ်ငန်းကော်မတီကို ညွှန်ကြားရမည်။

၁၀။ နည်းဥပဒေ ၈ နှင့် ၉ အရ ထိန်းချုပ်မိန့်ထုတ်ပြန်ရာတွင် အောက်ဖော်ပြပါ အချက်များပါဝင်ရမည်-

(က) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာခြင်းခံရသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုသာမက အကြမ်းဖက်မှုလုပ်ရပ်၊ ပူးပေါင်းကြံစည်မှု သို့မဟုတ် ခြိမ်းခြောက်မှုနှင့် ဆက်နွယ်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုတို့ပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းချုပ်ထားသည့် ပစ္စည်းများနှင့် ရန်ပုံငွေအားလုံး၊

(ခ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်း ဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာခြင်းခံရသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုများက အားလုံးဖြစ်စေ၊ ပူးတွဲ၍ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းချုပ်ထားသည့် ပစ္စည်းများနှင့် ရန်ပုံငွေများ၊

(ဂ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်း ဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာခြင်းခံရသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုများက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းချုပ်ထားသည့် ရန်ပုံငွေများ သို့မဟုတ် အခြားသောပိုင်ဆိုင်မှုများမှ ဆင်းသက်လာသည့် သို့မဟုတ် ဖြစ်ထွန်းလာသည့် ပစ္စည်းများနှင့်ရန်ပုံငွေများ၊

(ဃ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်း ဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာခြင်းခံရသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုများ၏ ကိုယ်စား သို့မဟုတ် ၎င်းတို့၏ ညွှန်ကြားချက်ဖြင့်ဆောင်ရွက်သည့် လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများ၏ ရန်ပုံငွေများ သို့မဟုတ် အခြားသော ပိုင်ဆိုင်မှုများ။

၁၁။ ဥပဒေ ပုဒ်မ ၆(ဃ) နှင့်အညီ ထိန်းချုပ်မိန့်တစ်ရပ်အား ထုတ်ပြန်ခြင်းခံရသည့် မည်သည့် မြန်မာနိုင်ငံသားမဆို သို့မဟုတ် မြန်မာနိုင်ငံအတွင်းနေထိုင်သည့် သို့မဟုတ် တည်ရှိသည့် မည်သည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမဆို သတ်မှတ်ကြေညာခြင်းခံရသူ သို့မဟုတ် အဖွဲ့အစည်းများက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းချုပ်သည့်လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများနှင့် ယင်းတို့၏ကိုယ်စား သို့မဟုတ် ယင်းတို့၏ညွှန်ကြားချက်အရ ဆောင်ရွက်သည့် လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများ၏ အကျိုးစီးပွားအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ရန်ပုံငွေ သို့မဟုတ် အခြားသောပိုင်ဆိုင်မှုတစ်စုံတစ်ရာ၊ စီးပွားရေးအရင်းအမြစ်များ သို့မဟုတ် ဘဏ္ဍာရေး သို့မဟုတ် အခြားဆက်စပ်ဝန်ဆောင်မှုများအား ဗဟိုအဖွဲ့၏ ခွင့်ပြုချက် မရရှိဘဲ သို့မဟုတ် လုံခြုံရေးကောင်စီ၏ သက်ဆိုင်ရာဆုံးဖြတ်ချက်များနှင့်အညီ အကြောင်း ကြားချက်မရှိဘဲ ဆောင်ရွက်ပေးခြင်းမပြုလုပ်ရ။

၁၂။ ဗဟိုအဖွဲ့သည် နည်းဥပဒေ ၉(ဂ) နှင့်အညီ သတ်မှတ်ကြေညာခြင်းနှင့် ထိန်းချုပ်မိန့်များ အား ထုတ်ပြန်သည့်အခါ အောက်ဖော်ပြပါအချက်အလက်များ ပါဝင်မှု ရှိစေ ရမည်-

(က) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာခြင်း၏ အကြောင်းအရင်း၊

(ခ) သတ်မှတ်ကြေညာခြင်း၏ အကျိုးသက်ရောက်မှုဆိုင်ရာဖော်ပြချက်၊

(ဂ) သတ်မှတ်ကြေညာခြင်းခံရသည့်စာရင်းမှ ပယ်ဖျက်ပေးရန်အတွက် ကုလသမဂ္ဂ၏ မကျေနပ်ချက်များ စုံစမ်းတင်ပြသည့်ရုံးသို့ တင်ပြနိုင်သည့်အခြေအနေများ အပါအဝင် သတ်မှတ်ကြေညာခြင်းခံရသည့်စာရင်းမှ ပယ်ဖျက်ခြင်းဆိုင်ရာလုပ်ထုံး လုပ်နည်းများ

(ဃ) ထိန်းချုပ်ထားသည့်ရန်ပုံငွေများ အနက်မှတစ်စိတ်တစ်ဒေသကို ရယူအသုံးပြု နိုင်သည့် ချွင်းချက်များဆိုင်ရာ ပြဋ္ဌာန်းချက်များ။

## **အခန်း(၃)**

## **အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်းနှင့် ယင်း၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ**

၁၃။ ဗဟိုအဖွဲ့သည် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု ဆိုင်ရာပြစ်မှုများအား တားဆီး နှိမ်နင်းရေးကိစ္စရပ်များနှင့် ဤနည်းဥပဒေတို့တွင် ပြဋ္ဌာန်းထားသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် လုပ်ငန်းကော်မတီတစ်ရပ်ကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး အောက်ဖော် ပြပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်စေနိုင်သည်-

(က) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများကို တားဆီးနှိမ်နင်းရေး ကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်ရသည့် အစိုးရဌာန၊ အစိုးရအဖွဲ့ အစည်းများ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ အခြားသော ပြည်တွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းဖလှယ်ခြင်းနှင့် မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု ဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေး ကိစ္စရပ်များကို အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရေး အတွက် အစိုးရဌာနများနှင့်အဖွဲ့အစည်းများအတွက် အသိပညာပေးခြင်း၊ လေ့ကျင့် သင်တန်းပေးခြင်းနှင့် နည်းပညာအကူအညီအထောက်အပံ့များပေးခြင်း၊

(ဂ) ဥပဒေပုဒ်မ ၄၇(ခ) အရ စုံစမ်းစစ်ဆေးသည့်အဖွဲ့၏အစီရင်ခံစာကို ပြန်လည် သုံးသပ်ခြင်းနှင့် လိုအပ်ပါကတရားစွဲဆိုစေခြင်း၊

(ဃ) နည်းဥပဒေ ၁၀ တွင်ဖော်ပြထားသည့် ရန်ပုံငွေများနှင့်ပတ်သက်၍ ဖော်ထုတ် ခြင်း၊ ကွင်းဆက်များရှာဖွေဖော်ထုတ်ခြင်း၊ တည်နေရာ အတည်ပြုခြင်း သို့မဟုတ် အရေး အတွက် သတ်မှတ်ခြင်းများ ဆောင်ရွက်ရန် နှင့် တားမြစ်မိန့်၊ ထိန်းချုပ်မိန့်များ အကောင် အထည်ဖော်ရန် စုံစမ်းစစ်ဆေးရေး အဖွဲ့အား ညွှန်ကြားခြင်း၊

(င) နည်းဥပဒေ ၃၂၊ နည်းဥပဒေခွဲ(င)အရ ကြီးကြပ်ရေးအာဏာပိုင်များက တင်ပြ သည့် အရေးယူဆောင်ရွက်မှုများနှင့် ကြီးကြပ်ဆောင်ရွက်မှုများကို ကုလသမဂ္ဂ လုံခြုံရေး ကောင်စီဆုံးဖြတ်ချက်ကော်မတီသို့ သတင်းပေးပို့ခြင်း။

၁၄။ နည်းဥပဒေ ၁၃ အရ ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီသည် ထိန်းချုပ်မိန့် အား ထုတ်ပြန် ပြီးလျှင် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) အဆိုပါသတ်မှတ်ကြေညာခြင်းခံရသူစာရင်းအား သတင်းပို့အဖွဲ့အစည်းများထံချက်ချင်း ဖြန့်ဝေရမည့်အပြင် ယင်းတို့အနေဖြင့် တွေ့ရှိချက်များနှင့် နည်းဥပဒေ ၃၃၊ ၃၄၊ ၃၅၊ ၃၆ နှင့် ၃၇ တို့အရ အရေးယူဆောင်ရွက်ချက်များကို ပြန်လည်တင်ပြရန် ညွှန်ကြားခြင်း၊

(ခ) နည်းဥပဒေခွဲ (က)အရ သတင်းပို့အဖွဲ့အစည်းများမှ သတင်းပို့ချက် တစ်စုံတစ်ရာကို လက်ခံရရှိပါက ဗဟိုအဖွဲ့ထံ ပြန်လည်တင်ပြခြင်း၊

(ဂ) သတ်မှတ်ကြေညာခြင်းခံရသူစာရင်းကို ကုလသမဂ္ဂလုံခြုံရေး ကောင်စီ ဆုံးဖြတ်ချက် ဆိုင်ရာကော်မတီနှင့် မိမိတောင်းဆိုလိုသည့် နိုင်ငံခြား တိုင်းပြည်များ၏ သက်ဆိုင်ရာ သတ်မှတ် ကြေညာချက်စာရင်းများတွင် ထည့်သွင်းနိုင်ရန်အတွက် နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီနှင့် သက်ဆိုင်ရာ နိုင်ငံခြား အာဏာပိုင်များထံသို့ ဆက်သွယ် အကြောင်းကြားခြင်း။

## အခန်း(၄)

## အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် ကုလသမဂ္ဂက သတ်မှတ်ချက်ကို ကြေညာခြင်းနှင့် ထိန်းချုပ်မိန့်ထုတ်ပြန်ခြင်း

၁၅။ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စု တစ်ရပ်ရပ်ကို အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာသည့် သက်ဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေး ကောင်စီဆုံးဖြတ်ချက် ဆိုင်ရာကော်မတီ၏ အကြောင်းကြားစာရရှိလျှင် ဗဟိုအဖွဲ့သို့ ချက်ချင်း အကြောင်းကြားရမည်။

၁၆။ နည်းဥပဒေ ၁၅ အရပေးပို့သည့် အကြောင်းကြားစာရရှိသည့်အခါ ဗဟိုအဖွဲ့သည်-

(က) သတင်းပို့အဖွဲ့အစည်းများအပါအဝင် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းအားလုံးထံသို့ ကြိုတင်သတိပေးခြင်းနှင့် နှောင့်နှေးကြန့်ကြာခြင်းများမရှိစေဘဲ ထိန်းချုပ်မိန့်ကို ထုတ်ပြန်ရမည်။

(ခ) ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်ဆိုင်ရာကော်မတီ၏ သတ်မှတ်ကြေညာချက်ကို သိရှိပြီး ဤနည်းဥပဒေ၏ နည်းဥပဒေခွဲ (က) အရ ထိန်းချုပ်မိန့် ကို ထုတ်ပြန်ပြီးသည်နှင့်တစ်ပြိုင်နက် နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ) နှင့် (င) တို့ပါပြဋ္ဌာန်းချက်များနှင့်အညီ ချက်ချင်းဆက်လက် ဆောင်ရွက်ရမည်။

## အခန်း(၅)

## သတ်မှတ်ကြေညာခြင်းခံရသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုများအား အတည်ပြုဖော်ထုတ်ခြင်း

၁၇။ လုပ်ငန်းကော်မတီသည် -

(က) ဥပဒေ ပုဒ်မ ၆(င) တွင်ပြဋ္ဌာန်းထားချက်နှင့်အညီ ကုလသမဂ္ဂလုံခြုံရေး ကောင်စီဆုံးဖြတ်ချက်ဆိုင်ရာကော်မတီက သတ်မှတ်ထားသည့် သတ်မှတ်ကြေညာခြင်းဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များနှင့် နည်းဥပဒေ ၆တွင် ဖော်ပြထားသည့် ပြည်တွင်းသတ်မှတ်ကြေညာခြင်း ဆိုင်ရာစံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စု၏အမည်များကို စိစစ်အတည်ပြုဖော်ထုတ်ရမည်။

(ခ) ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ဆိုင်ရာကော်မတီက သတ်မှတ်ကြေညာခြင်းဆိုင်ရာစံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုများ၏အမည်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့်သက်ဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ဆိုင်ရာ ကော်မတီများသို့ အဆိုပြုတင်ပရမည်။

၁၈။ နည်းဥပဒေ ၁၇ ပါပြဋ္ဌာန်းချက်များအရ ဗဟိုအဖွဲ့သည် နည်းဥပဒေ ၆တွင် ဖော်ပြ ထားသည့် သတ်မှတ်ကြေညာခြင်းဆိုင်ရာစံနှုန်းသတ်မှတ်ချက်များ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ဆိုင်ရာကော်မတီ၏ သတ်မှတ်ကြေညာခြင်းဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များအပေါ် အထောက်အပံ့ ဖြစ်စေသည့် သက်သေခံအထောက်အထားများ ခိုင်လုံခြင်း ရှိ/မရှိ ဆုံးဖြတ်နိုင်ရေး အတွက် လိုအပ်ပါက သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် တိုင်ပင်ညှိနှိုင်းခြင်း၊ အကူအညီတောင်းခံခြင်းများ ဆောင်ရွက်ရမည်။

၁၉။ မည်သည့် လူပုဂ္ဂိုလ်၊ အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းမဆို မိမိတို့၏ လုပ်ငန်း တာဝန်များဆောင်ရွက်စဉ် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်သည် နည်းဥပဒေ ၆ တွင်ပြဋ္ဌာန်းထားသည့် သတ်မှတ်ကြေညာခြင်းဆိုင်ရာစံနှုန်း သို့မဟုတ် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်ဆိုင်ရာကော်မတီများ၏ သတ်မှတ်ကြေညာခြင်းဆိုင်ရာ စံနှုန်းများနှင့် ကိုက်ညီနိုင်ကြောင်း သတင်းအချက်အလက်တစ်စုံတစ်ရာကို တွေ့ရှိခဲ့လျှင် သို့မဟုတ် ထိုသို့ကိုက်ညီသည်ဟု ယုံကြည်ရန်ထိုက်သင့်သောအကြောင်းရင်းခံများရှိလျှင် လျှို့ဝှက်သတင်း အချက်အလက်ကို ဗဟိုအဖွဲ့နှင့်သက်ဆိုင်ရာလုပ်ငန်း ကော်မတီသို့ဖြစ်စေ၊ တပ်ဖွဲ့ဝင်တစ်ဦးဦးထံ သို့ဖြစ်စေ ချက်ချင်းတင်ပြရမည်။

၂၀။ အစိုးရအဖွဲ့က နည်းဥပဒေ၉(ဂ)အရ သတ်မှတ်ကြေညာခြင်းကိုဆောင်ရွက်ရာတွင်အထောက်အပံ့ ဖြစ်စေရန်အတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် လိုအပ်သည့် သက်ဆိုင်ရာ ထောက်လှမ်းရေးသတင်းများအပါအဝင် သတင်းအချက်အလက်များကို ဗဟိုအဖွဲ့သို့ ပေးအပ်ရမည်။

၂၁။ နည်းဥပဒေ ၆ တွင်ပြဋ္ဌာန်းထားသည့် သတ်မှတ်ကြေညာခြင်းဆိုင်ရာစံနှုန်း သို့မဟုတ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ဆိုင်ရာကော်မတီ၏ သတ်မှတ်ကြေညာခြင်း ဆိုင်ရာစံနှုန်းများနှင့် ကိုက်ညီနိုင်ဖွယ်ရှိသည့် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့တစ်ရပ်ရပ်ဆိုင်ရာ သတင်းအချက်အလက်ကို လက်ခံရရှိသည့် သို့မဟုတ် အခြားတစ်နည်းနည်းဖြင့်သိရှိသည့်အစိုးရဌာနအဖွဲ့အစည်းများသည်အဆိုပါသတင်းအချက်လက်ကို ဗဟိုအဖွဲ့သို့ ချက်ချင်းတင်ပြရမည်။

၂၂။ ဗဟိုအဖွဲ့သည် သက်ဆိုင်ရာကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ဆိုင်ရာ ကော်မတီသို့ အမည် စာရင်းများအဆိုပြုတင်ပြရာတွင် -

(က) သက်ဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်တစ်ရပ်ရပ် တွင် ပါဝင်သည့် သို့မဟုတ် ယင်းအရပြဋ္ဌာန်းသည့် အမည်စာရင်းသတ်မှတ်ခြင်းဆိုင်ရာပုံစံများ အပါအဝင် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုဖော်ထုတ်ခြင်းဆိုင်ရာ လုံလောက်သည့် သတင်းအချက်အလက်များ၊ သက်ဆိုင်ရာကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်တစ်ရပ်ရပ်အရ လိုအပ်သော အခြားသက်ဆိုင်ရာသတင်းအချက်အလက်များ အပါအဝင် အဆိုပြုတင်သွင်းခြင်းခံရသူနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ပြည့်စုံစွာပေးအပ်ရမည်။

(ဂ) သက်ဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်ဆိုင်ရာကော်မတီက သိရှိရန်လိုအပ်မည်ဆိုပါက မိမိနိုင်ငံ၏ အခြေအနေများအား ထည့်သွင်းဖော်ပြရမည်။

၂၃။ ဤနည်းဥပဒေများအရ စိစစ်အတည်ပြုဖော်ထုတ်ခြင်းဆောင်ရွက်ရန်အလို့ငှာ ဗဟိုအဖွဲ့သည် အခြားသောနိုင်ငံများ သို့မဟုတ် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လိုအပ်သလို တိုင်ပင်ညှိနှိုင်းနိုင်သည်။

၂၄။ ဗဟိုအဖွဲ့သည် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်းနှင့်စပ်လျဉ်း၍ လက်ခံရရှိသည့်သတင်းအချက်အလက်များ အသုံးပြုခြင်းနှင့် ထုတ်ဖော်ပြောကြားခြင်းဆိုင်ရာ ကန့်သတ်ချက်များကို ပြုလုပ်နိုင်သည်။

## အခန်း(၆)

## စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်း

၂၅။ သတ်မှတ် ကြေညာခြင်း နှင့် ထိန်းချုပ်မိန့်အား ထုတ်ပြန်ပြီးနောက် လုပ်ငန်းကော်မတီသည် ဥပဒေ ပုဒ်မ ၄၇၊ ပုဒ်မခွဲ (ခ) နှင့်အညီ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု ဆိုင်ရာပြစ်မှု ကို စုံစမ်းစစ်ဆေးရန်အတွက် အမှုတစ်မှုချင်းအလိုက် ဖွဲ့စည်းမည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း ရာတွင် လုပ်ငန်းကော်မတီအဖွဲ့ဝင်တစ်ဦး ပါဝင်သော အနည်းဆုံး အဖွဲ့ဝင် (၃) ဦး ဖြင့် ဖွဲ့စည်းနိုင်သည်။

၂၆။ လုပ်ငန်းကော်မတီသည် နည်းဥပဒေ ၂၅အရ ဖွဲ့စည်းသော စုံစမ်းစစ်ဆေးရေးအဖွဲ့ ကိုဖြစ်စေ၊ တားဆီးနှိမ်နင်းရေးအဖွဲ့ကို ဖြစ်စေ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များကို ဖြစ်စေ အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို လွှဲအပ် ဆောင်ရွက်နိုင်သည်-

(က) အကြမ်းဖက်မှုကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ သို့မဟုတ် ထိုသို့သော ပြစ်မှုများကျူးလွန်ရန်အတွက် သို့မဟုတ် အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအတွက် ငွေကြေးနှင့်ပစ္စည်းများ စုဆောင်းခြင်း၊ တမင်ကောက်ခံခြင်း၊ လက်ခံခြင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သူများ၏ပိုင်ဆိုင်မှုများနှင့် ကွင်းဆက်များ ကိုဖော်ထုတ်ခြင်း၊

(ခ) အကြမ်းဖက် အုပ်စုပိုင်ပစ္စည်းများ သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့သူများ၏ ငွေကြေးနှင့်ပစ္စည်းများကို ရှာဖွေခြင်း၊ တားဆီးခြင်း၊ ထိန်းချုပ်ခြင်းနှင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊

(ဂ) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ရန်အတွက် အခြားသူတစ်ဦးတစ်ယောက်၏ အမည်ဖြင့်ထားရှိသည့် သို့မဟုတ် ထိုသူ၏လက်ဝယ်တွင်ထားရှိသည့် အဆောက် အဦး၊ မြေကွက်များနှင့် လုပ်ငန်းများကို စစ်ဆေးခြင်း၊ ရှာဖွေခြင်းနှင့် သက်သေခံ ပစ္စည်းအဖြစ် သိမ်း ဆည်းခြင်း၊

(ဃ) စုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း နည်းဥပဒေခွဲ (ခ) နှင့် (ဂ)တို့အရ သိမ်းဆည်း ထားသည့် သက်သေခံပစ္စည်းများကို အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ရန် တားမြစ်ခြင်း သို့မဟုတ် ချိပ်ပိတ်ခြင်း၊

(င) ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ခုခုရှိ ငွေရေးကြေးရေးမှတ်တမ်းများ သို့မဟုတ် အခြားသော မှတ်တမ်းများအား စစ်ဆေးခြင်း၊ ရှာဖွေသိမ်းဆည်းခြင်း၊ သက်ဆိုင်ရာမှတ်တမ်းများ စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းနှင့် လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊

(စ) စုံစမ်းစစ်ဆေးခြင်းခံရသူထံမှဖြစ်စေ၊ အခြားသောလူပုဂ္ဂိုလ်ထံမှဖြစ်စေ၊ အစိုးရဌာန များနှင့် အဖွဲ့အစည်းများထံမှဖြစ်စေ၊ ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများ ထံမှဖြစ်စေ လိုအပ်သောအထောက်အထားများကို တောင်းခံရယူခြင်းနှင့် စစ်ဆေးခြင်း။

၂၇။ သတင်းပို့အဖွဲ့အစည်းများသည် ဤနည်းဥပဒေအရ တာဝန်ပေးအပ်သည့် စုံစမ်းစစ်ဆေးရေး အဖွဲ့ကို ငွေရေးကြေးရေးနှင့်အခြားမှတ်တမ်းများအား စစ်ဆေးခြင်းနှင့် မိတ္တူကူးယူခြင်းတို့ကို ခွင့်ပြုရမည်။

၂၈။ စုံစမ်းစစ်ဆေးသည့်ကာလအတွင်း လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်သည် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့သည့်ပြစ်မှုကိုကျူးလွန်ကြောင်း တွေ့ရှိရပါက စုံစမ်းစစ်ဆေးရေးအဖွဲ့သည် လုပ်ငန်းကော်မတီသို့တင်ပြပြီး အောက်ဖော်ပြပါတို့ကို ဆောင်ရွက် ရမည်-

(က) ဥပဒေပါပြစ်မှုတစ်ရပ်ရပ်ဖြင့် အရေးယူဆောင် ရွက်ဆဲဖြစ်သော အမှုကိစ္စရပ်ဖြစ်ပါက တရားစွဲဆိုအရေးယူနိုင်ရန်ယင်းအဖွဲ့အစည်းထံလွှဲပြောင်းပေးခြင်း၊

(ခ) ဥပဒေပါပြစ်မှုတစ်ရပ်ရပ်ဖြင့် အရေးယူ ဆောင်ရွက် ထားခြင်းမရှိသည့် ကိစ္စရပ် ဖြစ်ပါက တရားလိုပြုလုပ် တရားစွဲ ဆိုခြင်း။

၂၉။ နည်းဥပဒေ ၂၈ (က) အရ လွှဲပြောင်းပေးရာတွင် အောက်ပါတို့ပါဝင်ရမည် -

(က) စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာ၊

(ခ) သိမ်းဆည်းထားသော သက်သေခံပစ္စည်းများ၊

(ဂ) တားမြစ်မိန့်ထုတ်ပြန်ထားသော စာရင်းများ။

၃၀။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးနေသည့် ကာလအတွင်း ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါအမိန့်တစ်ရပ်ရပ်ချမှတ်ပေးရန် အကြောင်းပေါ်ပေါက်လာလျှင် လုပ်ငန်းကော်မတီသို့ တင်ပြ ရမည်-

(က) ထိန်းချုပ်မိန့် အတည်ဖြစ်မှု သို့မဟုတ် သက်တမ်းရှိမှုကို အခြေပြု၍သော်လည်းကောင်း၊ တရားလွှတ်တော်ချုပ်က နိုင်ငံဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းအမိန့် ထုတ်ပြန်သည့်အချိန် အထိ လည်းကောင်း မည်သည့် ပစ္စည်း၊ ပစ္စည်းကိရိယာများ သို့မဟုတ် အခြားသော အသုံးအဆောင်ပစ္စည်းများကိုမဆို လွှဲပြောင်းခြင်း၊ ပြောင်းလဲခြင်း၊ အနေအထား ပြောင်းလဲခြင်း သို့မဟုတ် ရွှေ့ပြောင်းခြင်းမပြုလုပ်ရန် တားမြစ်သည့် ထိန်းချုပ်မိန့်၊

(ခ) ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ခုခုရှိ ငွေရေးကြေးရေးမှတ်တမ်းများ သို့မဟုတ် အခြားသောမှတ်တမ်းများအား စစ်ဆေးခွင့်၊ ရှာဖွေသိမ်းဆည်းခွင့်၊ သက်ဆိုင်ရာမှတ်တမ်းများ စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်နှင့် လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်၊

၃၁။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် -

(က) စုံစမ်းစစ်ဆေးသည့် ကိစ္စရပ်အသီးသီးကို လုံခြုံမှုအဆင့် သတ်မှတ်ထိန်းသိမ်း ထားရှိရမည်၊

(ခ) ဆောင်ရွက်ချက်များကို လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြရမည်။

## အခန်း(၇)

## ကြီးကြပ်ရေးအာဏာပိုင်တို့၏ လုပ်ငန်းတာဝန်များ

၃၂။ ကြီးကြပ်ရေးအာဏာပိုင်များသည်-

(က) သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ဥပဒေနှင့်နည်းဥပဒေတို့တွင် ပြဋ္ဌာန်းထားရှိချက်များနှင့်အညီ သတင်းပေးပို့ခြင်း ရှိ/မရှိ ဆုံးဖြတ် နိုင်ရေးအတွက် အန္တရာယ်အခြေပြုကြီးကြပ် ဆောင်ရွက်ခြင်း နည်းလမ်းနှင့်အညီ မိမိတို့ သတ်မှတ်ထားရှိသည့် ကာလအပိုင်းအခြားများတွင် လုပ်ငန်းခွင်ပြင်ပမှ ကြီးကြပ်ခြင်းနှင့် လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးခြင်းများကို ဆောင်ရွက်ရမည်။

(ခ) လုပ်ငန်းကော်မတီနှင့် ပူးပေါင်းဆောင်ရွက်၍ နည်းဥပဒေများကိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအလို့ငှာ နည်းဥပဒေများ၊ လမ်းညွှန်ချက်များအား

ထုတ်ပြန်ခြင်း၊ တိုးတက် အောင်လုပ်ဆောင်ခြင်းနှင့် လိုအပ်သောအခြား သတင်း အချက်အလက် များကို ဖြန့် ဝေခြင်းတို့ဆောင်ရွက် နိုင်သည်။

(ဂ) သတင်းပို့အဖွဲ့အစည်းများအနေဖြင့် နည်းဥပဒေများတွင်ပါရှိသည့် မိမိ တို့၏ လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရန်အလို့ငှာ ဌာနတွင်းထိန်းချုပ် ဆောင်ရွက်မှုများ နှင့် လုပ်ထုံးလုပ်နည်းများအား အကောင်အထည်ဖော် ဆောင်ရွက်မှုသေချာစေရေး ကြီးကြပ်ဆောင်ရွက်ရမည်။

(ဃ) နည်းဥပဒေများနှင့်အညီဆောင်ရွက်ခဲ့သည့် စောင့်ကြည့်စစ်ဆေးမှုများနှင့် ကြီးကြပ် ဆောင်ရွက်မှုများကို (၆)လတစ်ကြိမ် လုပ်ငန်းကော်မတီသို့ တင်ပြ ရမည်။

(င) နည်း ဥပဒေခွဲ (ဃ)နှင့်အညီ အရေးယူဆောင်ရွက်မှုနှင့် ကြီးကြပ်ဆောင်ရွက်မှု များကို လုပ်ငန်းကော်မတီသို့ အစီ ရင်ခံစာ တင်ပြရမည်။

## အခန်း(၈)

## သတင်းပို့အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များ

၃၃။ လုပ်ငန်းကော်မတီက လူပုဂ္ဂိုလ်၊ အဖွဲ့ အစည်း သို့မဟုတ် အသင်းအဖွဲ့အား အကြမ်းဖက် သမား သို့မဟုတ် အဖွဲ့အစည်းအဖြစ် သတ်မှတ်ကြေညာချက်စာရင်းထုတ်ပြန်သည့်အခါ သို့မဟုတ် ထိန်းချုပ်မိန့်ထုတ်ပြန်သည့်အခါ သတင်းပို့အဖွဲ့အစည်းများသည် နည်းဥပဒေ ၁၀ တွင် ဖော်ပြ ထားသည့်ရန်ပုံငွေများအပါအဝင် မည်သည့်ရန်ပုံငွေမဆို မိမိတို့လက်ဝယ်တွင် ရှိ/မရှိ ဆုံးဖြတ်ရန် အလို့ငှာ မိမိတို့၏ မှတ်တမ်းများကို ချက်ချင်းရှာဖွေစစ်ဆေးခြင်းပြုလုပ်ရမည်။

၃၄။ သတင်းပို့အဖွဲ့အစည်းများသည် နည်းဥပဒေ ၃၃ အရ ဆောင်ရွက်ရာတွင် ထိန်းချုပ်မိန့် သို့မဟုတ် သတ်မှတ်ကြေညာခြင်းနှင့်သက်ဆိုင်သည့် ရန်ပုံငွေများ လက်ဝယ်တွင်ရှိကြောင်း စစ်ဆေး တွေ့ရှိရပါက-

(က) ဥပဒေနှင့် ဤနည်းဥပဒေအရထိန်းချုပ်ထားသည့်ရန်ပုံငွေများ လုံခြုံမှုရှိ ရေးနှင့် ယင်းတို့ကို မည်သည့်နည်းလမ်းဖြင့်မဆို ဆက်နွယ်ပတ်သက်မှု ပြုလုပ်ခြင်း သို့မဟုတ် ဖယ်ရှားခြင်းများမပြုလုပ်နိုင်စေရေးအတွက် လိုအပ်သည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရမည်။

(ခ) နည်းဥပဒေ ၁၀ တွင် ဖော်ပြထားသည့်ရန်ပုံငွေများ အပါအဝင် ရန်ပုံငွေများကို ကြိုတင်သတိပေးခြင်းနှင့် နှောင့်နှေးကြန့်ကြာခြင်းများ မရှိစေဘဲထိန်းချုပ်မှု ပြုလုပ် ရမည်။

(ဂ) အောက်ဖော်ပြပါ သတင်းအချက်အလက်များကို လုပ်ငန်းကော်မတီသို့ အလုပ် လုပ်ရက်(၃)ရက်ထက်နောက်မကျစေဘဲ အတတ်နိုင်ဆုံးဆောလျှင်စွာ ပေးအပ်ရမည်-

(၁) ထိန်းချုပ်မှုပြုလုပ်သည့် ရန်ပုံငွေဆိုင်ရာအချက်အလက်များ၊

(၂) နည်းဥပဒေ ၁၁တွင် ဖော်ပြထားသည့် တားမြစ်ချက်များနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်မှုများ။

၃၅။ နည်းဥပဒေ ၁၆ နှင့် အညီ သတင်းပို့အဖွဲ့အစည်းများသည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေနှင့်နည်းဥပဒေများအရ ထိန်းချုပ်မိန့်အား အကောင်အထည်ဖော်ဆောင်မှုကို သတ်မှတ်ကြေညာခြင်းခံရသူ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် အဆိုပါ ထိန်းချုပ်မှု ပြုလုပ်သည့် ရန်ပုံငွေများတွင် အကျိုးသက်ဆိုင်မှုရှိသည်ဟုယုံကြည်ရန်အကြောင်းရှိသည့်လူပုဂ္ဂိုလ်ကို အကြောင်းကြားစာပေးပို့နိုင်သည်။

၃၆။ သတင်းပို့အဖွဲ့အစည်းများသည် အောက်ဖော်ပြပါအချက်များအပါအဝင် ဤနည်းဥပဒေများပါ တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်မှုသေချာစေရေးအတွက် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်းနှင့်အကောင်အထည်ဖော်ဆောင်ခြင်းများပြုလုပ်ရမည်-

(က) သတ်မှတ်ကြေညာခြင်းခံရသည့် လူပုဂ္ဂိုလ်နှင့်ပတ်သက်၍ မိမိတို့၏မှတ်တမ်းများ သို့မဟုတ် ကွန်ပျူတာမှတ်တမ်းများကို ရှာဖွေခြင်းနှင့် စစ်ဆေးခြင်း လုပ်ထုံးလုပ်နည်းများ၊

(ခ) လုပ်ငန်းကော်မတီ၊ ကြီးကြပ်ရေးအာဏာပိုင်များနှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့တို့ထံမှ လက်ခံရရှိသည့် ညွှန်ကြားချက်များအရ လုံခြုံမှုအတွက်အပ်နှံသည့် စနစ်အပါအဝင် မိမိတို့ လက်ဝယ်တွင်ရှိသည့် နည်းဥပဒေ ၁၀ ပါ ရန်ပုံငွေများကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ထိန်းချုပ်သည့် လုပ်ထုံးလုပ်နည်းများ၊

(ဂ) နည်းဥပဒေ ၁၀ တွင် ဖော်ပြထားသည့် ရန်ပုံငွေများအပါအဝင် ရန်ပုံငွေများကို ဆက်သွယ်ဆောင်ရွက်သူများ သို့မဟုတ် အခြားသောအဖွဲ့အစည်းများက ရယူအသုံးပြုရန်အားထုတ်မှုများကို စောင့်ကြည့်စစ်ဆေးသည့်လုပ်ထုံးလုပ်နည်းများ၊

(ဃ) လုပ်ငန်းကော်မတီ၊ ကြီးကြပ်ရေးအာဏာပိုင်များနှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့တို့၏ ညွှန်ကြားချက်များအရ နည်းဥပဒေ ၁၀ တွင် ဖော်ပြထားသည့် ရန်ပုံငွေများအပါအဝင် ရန်ပုံငွေများကို ရယူအသုံးပြုရန်ခွင့်ပြုသည့် လုပ်ထုံးလုပ်နည်းများ၊

(င) လုပ်ငန်းကော်မတီ၊ ကြီးကြပ်ရေး အာဏာပိုင်များနှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့တို့၏ ညွှန်ကြားချက်များအရ ရန်ပုံငွေများကို ထိန်းချုပ်ခြင်းမှ ပယ်ဖျက်သည့် လုပ်ထုံးလုပ်နည်းများ၊

(စ) ဥပဒေအရ အမိန့်ထုတ်ပြန်ထားသည့် ရန်ပုံငွေများအား ရယူအသုံးပြုရန် ကြိုးပမ်းအားထုတ်မှုတိုင်းကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ အစီရင်ခံတင်ပြရန် လုပ်ထုံး လုပ်နည်းများ။

၃၇။ သတင်းပို့အဖွဲ့အစည်းများသည် နည်းဥပဒေများတွင်အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်သည့် ကြီးကြပ်ရေးအာဏာပိုင်များက ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများနှင့် အခြားသောမှတ်တမ်းများအား စစ်ဆေးခြင်းနှင့် မိတ္တူကူးခြင်းများကို ခွင့်ပြုရမည်။

## အခန်း(၉)

## ပြည်တွင်းအကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ကြေညာချက်ကိုပြန်လည်ရုပ်သိမ်းခြင်း

၃၈။ သတ်မှတ်ကြေညာခြင်းခံရသူသည် အဆိုပါသတ်မှတ် ကြေညာသည့်စာရင်းမှပယ်ဖျက်ရန်အတွက် လျှောက်လွှာကို ဗဟိုအဖွဲ့သို့ တင်သွင်းနိုင်သည်။

၃၉။ ဗဟိုအဖွဲ့က မိမိကိုယ်တိုင် တွေ့ရှိချက်အရဖြစ်စေ၊ ဗဟိုအဖွဲ့သို့ လျှောက်ထားတင်ပြချက်အရဖြစ်စေ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် နည်းဥပဒေ ၆ တွင်ဖော်ပြထားသည့် သတ်မှတ်ချက်များ၌ အကျုံးဝင်ခြင်းမရှိတော့ကြောင်း သို့မဟုတ် ဆက်လက်အကျုံးဝင်ခြင်းရှိတော့မည်မဟုတ်ကြောင်း စိစစ်တွေ့ရှိရပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူ၍ -

(က) နည်းဥပဒေ ၉(ဂ) အရ ထုတ်ပြန်ကြေညာခြင်းသည် မြန်မာနိုင်ငံ၏ ပြည်တွင်းသတ်မှတ်ကြေညာခြင်းခံရသူဖြစ်လျှင် မိမိ၏ သတ်မှတ်ကြေညာချက်စာရင်းမှပြန်လည်ရုပ်သိမ်းရမည်။

(ခ) နည်းဥပဒေ ၈ နှင့် ၉ အရထုတ်ပြန်ခဲ့သည့် ထိန်းချုပ်မိန့်ကို ပယ်ဖျက်သည့် အမိန့်ထုတ်ပြန်ရမည်။

(ဂ) နည်းဥပဒေ ၉(ဂ) အရ ထုတ်ပြန်ကြေညာခြင်းသည် နိုင်ငံခြားတိုင်းပြည်တစ်ခု၏တောင်းဆိုချက်အရ ပြုလုပ်ခဲ့ခြင်းဖြစ်လျှင် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့်သက်ဆိုင်ရာ နိုင်ငံခြားတိုင်းပြည်သို့ အကြောင်း ကြားရမည်။

(ဃ) ပြည်တွင်းသတ်မှတ်ကြေညာချက်များကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ဆိုင်ရာကော်မတီများနှင့် နိုင်ငံခြားတိုင်းပြည်များ၏ သတ်မှတ်ကြေညာချက်စာရင်းတွင်ထည့်သွင်းနိုင်ရေးအတွက် တောင်းဆိုခဲ့ခြင်းရှိပါက အဆိုပါကော်မတီများနှင့်သက်ဆိုင်ရာ နိုင်ငံခြားတိုင်းပြည်တို့သို့ အကြောင်းကြားရမည်။

၄၁။ သတ်မှတ်ကြေညာခြင်းခံရသည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းအနေဖြင့် ဤနည်းဥပဒေအရ ပယ်ဖျက်ခြင်းခံရပါက ဗဟိုအဖွဲ့သည် သတ်မှတ်ကြေညာချက်စာရင်းမှ ပယ်ဖျက်ကြောင်းနှင့် ထိန်းချုပ်မိန့်အားပယ်ဖျက်ကြောင်း အကြောင်းကြားချက်ကို နိုင်ငံတော်ပြန်တမ်း၊ ဗဟိုအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ အင်တာနက်စာမျက်နှာများတွင် ချက်ချင်းထုတ်ပြန်ရမည့်အပြင် နည်းဥပဒေ ၃၉ တွင်ဖော်ပြထားသည့် ကိစ္စရပ်များကို အရေးယူဆောင်ရွက်ရမည်။

၄၁။ ဗဟိုအဖွဲ့သည် သတင်းအချက်အလက်အသစ်များ သို့မဟုတ် စိစစ်မှုအသစ်များအရ သတ်မှတ်ကြေညာခြင်းကို ပယ်ဖျက်ရန်ဆုံးဖြတ်ပါက သို့မဟုတ် သတ်မှတ်ကြေညာပေးရန် တောင်းဆိုခဲ့သည့် နိုင်ငံခြားတိုင်းပြည်အာဏာပိုင်တို့က အဆိုပါသတ်မှတ်ကြေညာချက်အား ပယ်ဖျက်ပေး ပါရန်အကြောင်းကြားလာပါက သတ်မှတ်ကြေညာချက်စာရင်းကို ပယ်ဖျက်ရန် ဆုံးဖြတ်နိုင်သည်။

၄၂။ သတင်းပို့အဖွဲ့အစည်းများအပါအဝင် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည် သတ်မှတ်ကြေညာခြင်း စာရင်းအား ပယ်ဖျက်သည့်အမိန့်ကိုလက်ခံရရှိသည်နှင့်တစ်ပြိုင်တည်း ထိန်းချုပ်တားမြစ်ထားသည့် ရန်ပုံငွေများအား ချက်ချင်းပယ်ဖျက်ပေးရမည်။

## အခန်း(၁၀)

## သတ်မှတ်ကြေညာခြင်းဆိုင်ရာမှားယွင်းမှုများကို ပြင်ဆင်သည့်လုပ်ထုံးလုပ်နည်းများ

၄၃။ ပိုင်ဆိုင်မှုများ သို့မဟုတ် ရန်ပုံငွေများအား ထိန်းချုပ်ခြင်းခံရသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ (ထိခိုက်နစ်နာသူ)သည် အဆိုပါ ရန်ပုံငွေများ သို့မဟုတ် ပိုင်ဆိုင်မှုများသည် မှားယွင်းသတ်မှတ် ခံရခြင်းဖြစ်သည်ဟူသော အကြောင်းရင်းခံဖြင့် အဆိုပါထိန်းချုပ်တားမြစ်မှုအား ပယ်ဖျက်ပေးပါရန် ဗဟိုအဖွဲ့သို့ စာဖြင့်ရေးသားလျှောက်ထားနိုင်သည်။

၄၄။ နည်းဥပဒေ ၄၃ အရ တင်သွင်းသည့်လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ တင်ပြမှု အပေါ် အထောက်အကူဖြစ်စေမည့် သက်ဆိုင်ရာအထောက်အထားစာရွက်စာတမ်းများအား ပူးတွဲ တင်ပြရမည်။

၄၅။ ဗဟိုအဖွဲ့သည် နည်းဥပဒေ ၄၃ အရ လက်ခံရရှိသည့်လျှောက်လွှာအား စိစ်ဆေးခြင်းနှင့် အောက်ဖော်ပြပါအချက်များအား အတည်ပြုဆုံးဖြတ်ခြင်းများပြုလုပ်ရမည်-

(က) အမည်၊ နေရပ်လိပ်စာနှင့် ဖော်ပြချက်များသည် သတ်မှတ်ကြေညာချက်တွင် ဖော်ပြ ထားသည့် သတင်းအချက်အလက်များနှင့် ကိုက်ညီမှုရှိ/မရှိ၊

(ခ) ထိခိုက်နစ်နာသူသည် နည်းဥပဒေ ၉(ဂ) အရ သတ်မှတ်ကြေညာခြင်းခံရသည့် လူ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများနှင့် ဆက်နွယ်ပတ်သက်ခြင်း ရှိ/မရှိ၊

(ဂ) မှားယွင်းသတ်မှတ်ခြင်းဖြစ်စဉ်ရှိ/မရှိ။

၄၆။ ဗဟိုအဖွဲ့သည် ထိခိုက်နစ်နာသူမှာ သတ်မှတ်ကြေညာခြင်းခံရသည့် လူပုဂ္ဂိုလ်၊ အဖွဲ့ အစည်း သို့မဟုတ် အသင်းအဖွဲ့ ဟုတ်/မဟုတ် ဆုံးဖြတ်နိုင်ရန်အလို့ငှာ လိုအပ်ပါက ထပ်လောင်း သတင်း အချက်အလက်များကို ထိခိုက်နစ်နာသည့် အဖွဲ့အစည်းထံမှဖြစ်စေ၊ အခြားသက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းများထံမှဖြစ်စေ၊ ထိခိုက်နစ်နာသူ၏ ထိန်းချုပ်ခြင်းခံထားရသော ပိုင်ဆိုင် ပစ္စည်းများ လက်ဝယ်တွင်ရှိသည့် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်မှု သို့မဟုတ် ထိန်းချုပ်မှုပြုသည့် လူပုဂ္ဂိုလ် ထံမှဖြစ်စေ တောင်းခံရယူနိုင်သည်။

၄၇။ ဗဟိုအဖွဲ့သည် ထိခိုက်နစ်နာသူမှာ အမှန်တကယ်သတ်မှတ်ကြေညာခြင်းခံရသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမဟုတ်ကြောင်း သက်သေအထောက်အထားအခိုင်မာတွေ့ရှိရပါက ထိခိုက် နစ်နာသူ၏ ထိန်းချုပ်ခြင်းခံထားရသောရန်ပုံငွေများ လက်ဝယ်တွင်ရှိသည့် သို့မဟုတ် ထိန်းသိမ်း စောင့်ရှောက်မှု သို့မဟုတ် ထိန်းချုပ်မှုပြုသည့် လူပုဂ္ဂိုလ်တိုင်းသို့ အဆိုပါထိန်းချုပ်တားမြစ် ထားသည့် ရန်ပုံငွေများအား ထိန်းချုပ်ခြင်းမှပယ်ဖျက်ပေးရန် ချက်ချင်းညွှန်ကြားရမည်။

၄၈။ နည်းဥပဒေ ၄၇ အရ ထုတ်ပြန်သည့် ညွှန်ကြားချက်တွင် ထိခိုက်နစ်နာသူမှာ သတ်မှတ် ကြေညာခြင်းခံရသည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းမဟုတ်ကြောင်း ညွှန်ပြသည့် အကြောင်းပြချက်များ ကို ရှင်းလင်းစွာထည့်သွင်းဖော်ပြရမည်။

၄၉။ ထိခိုက်နစ်နာသူ၏ ထိန်းချုပ်ခြင်းခံထားရသော ပိုင်ဆိုင်ပစ္စည်းများ လက်ဝယ် တွင်ရှိသည့် သို့မဟုတ် ထိန်းသိမ်း စောင့်ရှောက်မှု သို့မဟုတ် ထိန်းချုပ်မှုပြုသည့် လူပုဂ္ဂိုလ် များသည် ဗဟိုအဖွဲ့ကညွှန်ကြားချက်ထုတ်ပြန်မှုအရ အဆိုပါပိုင်ဆိုင်မှုများကို ထိန်းချုပ်ထားခြင်းမှ ချက်ချင်း ပယ်ဖျက်ပေးရမည်။

၅၀။ ထိခိုက်နစ်နာခြင်းခံရသူ၏ ရန်ပုံငွေများအား ထိန်းချုပ်တားမြစ်ခြင်းမှ ပယ်ဖျက်စေကာမူ အဆိုပါ ထိန်းချုပ်တားမြစ် မိန့်သည် အဆိုပါအမိန့်တွင်အမည်ဖော်ပြခြင်းခံထားရသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့ အစည်းအပေါ်တွင် ဆက်လက်အတည်ဖြစ်နေစေရမည်။

## အခန်း(၁၁)

## ထိန်းချုပ်ထားသည့် ရန်ပုံငွေများအား ရယူသုံးစွဲရန်ခွင့်ပြုခြင်း

၅၁။ ထိန်းချုပ်ထားသည့် ပိုင်ဆိုင်ပစ္စည်းများ သို့မဟုတ် ရန်ပုံငွေများကို ရယူ အသုံးပြုရန် အတွက် သတ်မှတ်ကြေညာခြင်းခံရသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကသော် လည်းကောင်း သို့မဟုတ် ဥပဒေနှင့် နည်းဥပဒေများအရ သတ်မှတ်ကြေညာခြင်းခံထားရသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ အကျိုးစီးပွားအတွက် ရန်ပုံငွေများ သို့မဟုတ် အခြား ပိုင်ဆိုင်ပစ္စည်းများ၊ စီးပွားရေး အရင်းအမြစ်များ သို့မဟုတ် ငွေရေးကြေးရေး သို့မဟုတ် အခြားဆက်နွှယ်ပတ်သက်သည့် ဝန်ဆောင်မှုကို ပေးအပ်လိုသည့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကသော် လည်းကောင်း စာဖြင့် ရေးသားလျှောက်ထားချက်ကို လက်ခံရရှိပါက ဗဟိုအဖွဲ့သည် အဆိုပါ ရယူအသုံးပြုရန်၊ ငွေပေး

ချေရန် သို့မဟုတ် အကျိုးအမြတ်ရယူရန် လျှောက်ထားချက်သည် အောက်ဖော်ပြပါ ကိစ္စရပ်များ အတွက် လိုအပ်သည်ဟု ကျေနပ်လက်ခံမှုရှိလျှင် အဆိုပါထိန်းချုပ်ထားသည့် ငွေကြေးနှင့် ပစ္စည်း များအား သတ်မှတ်ကြေညာခြင်းခံရသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ရယူ အသုံးပြုခြင်း သို့မဟုတ် ရန်ပုံငွေများ သို့မဟုတ် အခြားသော ပိုင်ဆိုင်ပစ္စည်းများ၊ စီးပွားရေး အရင်း အမြစ်များ သို့မဟုတ် ငွေရေးကြေးရေး သို့မဟုတ် အခြားသောဆက်နွယ်ပတ်သက်သည့် ဝန်ဆောင်မှုများကို သတ်မှတ်ကြေညာခြင်းခံရသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများသို့ ပေးအပ်ခြင်း တို့ကို ခွင့်ပြုနိုင်သည်-

(က) အစားအသောက်၊ ငှားရမ်းခ သို့မဟုတ် ပေါင်နှံမှု၊ ဆေးဝါးနှင့်ဆေးကုသမှု၊ အခွန်အခများ၊ အာမခံကြေးများနှင့် အများပြည်သူဆိုင်ရာဝန်ဆောင်မှု(ရေ၊ မီး၊ လျှပ်စစ်၊ ဓါတ်ငွေ့) သုံးစွဲခများအပါအဝင် ကျိုးကြောင်းဆီလျော်မှုရှိသည့် အခြေခံ ကုန်ကျစရိတ်များ၊

( ခ ) ကျွမ်းကျင်အတတ်ပညာရှင်ဆိုင်ရာဝန်ဆောင်ခများနှင့် ဥပဒေရေးရာဝန်ဆောင်မှုများ ပေးအပ်ခြင်းနှင့်ဆက်နွယ်သည့် အသုံးစရိတ်များဆိုင်ရာ ကျိုးကြောင်းဆီလျော်မှု ရှိသည့် ငွေပေးချေမှုများ၊

( ဂ ) ထိန်းချုပ်ထားသည့် ရန်ပုံငွေများ သို့မဟုတ် အခြားသော ငွေရေးကြေးရေး အရင်းအမြစ်များ သို့မဟုတ် စီးပွားရေးအရင်းအမြစ်များအား ပုံမှန်ထိန်းသိမ်း ထားရှိမှုအတွက် ကျိုးကြောင်းဆီလျော်မှုရှိသည့် ကုန်ကျစရိတ်များ သို့မဟုတ် ဝန်ဆောင်ခများ။

၅၂။ (၁) သက်ဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အရ သတ်မှတ်ကြေညာခြင်း ခံထားရသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ ပိုင်ဆိုင်ပစ္စည်းနှင့် ရန်ပုံငွေများကို ရယူသုံးစွဲခွင့် ပြုသည့် သို့မဟုတ် ရန်ပုံငွေ သို့မဟုတ် အခြားအကျိုးအမြတ်များကို အဆိုပါလူပုဂ္ဂိုလ်များသို့ ထောက်ပံ့ပေးအပ်ခွင့်ပြုသည့် နည်းဥပဒေ ၅၁အရချမှတ် သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို အောက်ဖော်ပြပါ အခြေအနေများတွင် အကောင် အထည်ဖော်ဆောင်ရွက်ခြင်းမပြုရ-

(က) အဆိုပါဆုံးဖြတ်ချက်ကို သက်ဆိုင်ရာကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် အား စီမံခန့်ခွဲရန်အတွက် ဖွဲ့စည်းထားသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ဆိုင်ရာ ကော်မတီသို့ ပေးပို့ခြင်းနှင့်

( ခ ) အဆိုပါဆုံးဖြတ်ချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ဆိုင်ရာ ကော်မတီက အတည်မပြုလျှင်

(၂) အထက်ပါ နည်းဥပဒေခွဲ၁(က)အရ ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ဆိုင်ရာကော်မတီသို့ ပေးပို့သည့်နေ့မှ (၁၀)ရက်အတွင်း အဆိုပါ ဆုံးဖြတ်ချက်အား အကောင်အထည်ဖော်ဆောင်ခြင်းမပြုရ။ အဆိုပါ (၁၀)ရက် အတွင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်ဆိုင်ရာ ကော်မတီက အကြောင်း တစ်စုံတစ်ရာ ပြန်ကြားခဲ့ခြင်းမရှိလျှင် အဆိုပါဆုံးဖြတ်ချက်ကို အတည်ပြုပြီး ဖြစ်သည်ဟု မှတ်ယူ၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်။

၅၃။ နည်းဥပဒေ ၅၁ တွင်မည်သို့ပင်ပါရှိစေကာမူ အယ်လ်ကိုင်ဒါအရေးယူပိတ်ဆို့ရေး စာရင်းတွင် သတ်မှတ်ကြေညာခြင်းခံထားရသော မြန်မာနိုင်ငံအတွင်းနေထိုင်သည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်း များသည် သာမန် သို့မဟုတ် အထူးကုန်ကျစရိတ်များအတွက် လိုအပ်သမျှသော ပမာဏကို ထိန်းချုပ်ထားသည့် ပိုင်ဆိုင်ပစ္စည်းများမှ ကင်းလွတ်ခွင့်ပြုရန်အတွက် သတ်မှတ်လုပ်ထုံးလုပ်နည်း များအတိုင်း အယ်လ်ကိုင်ဒါအရေးယူဆောင်ရွက်ရေးကော်မတီသို့ လျှောက်ထားလိုပါက အဆိုပါ လျှောက်ထားချက်အား ဗဟိုအဖွဲ့သို့တင်ပြပြီးမှသာ ဆောင်ရွက်နိုင်သည်။

## အခန်း(၁၂)

## တတိယလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ အကျိုးစီးပွားအား ကာကွယ်ခြင်းနှင့် အငြင်းပွားမှုများအားဖြေရှင်းခြင်း

၅၄။ ဗဟိုအဖွဲ့က သတ်မှတ်ကြေညာခြင်းခံရပြီး နည်းဥပဒေ ၈ နှင့် ၉ အရ ပိုင်ဆိုင်ပစ္စည်းများ သို့မဟုတ် ငွေကြေးများအား ထိန်းချုပ်ခြင်းခံထားရသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် ပတ်သက်၍ ဤနည်းဥပဒေများအရ ပိုင်ဆိုင်ပစ္စည်းများနှင့် ရန်ပုံငွေများအား ထိန်းချုပ်ခြင်း ခံထား ရသည့် သဘောရိုးဖြင့်ဆက်နွယ်ပတ်သက်သည့် တတိယလူပုဂ္ဂိုလ်နှင့်အဖွဲ့ အစည်းများသည် သတ်မှတ်ကြေညာခြင်းခံရသူကြောင့် မိမိနစ်နာခဲ့ရသည့် ပိုင်ဆိုင်ပစ္စည်းများနှင့်ရန်ပုံငွေများကို ထိန်းချုပ်ထားခြင်း သို့မဟုတ် တားမြစ်ထားခြင်းမှ ပယ်ဖျက်ပေးရန် ဗဟိုအဖွဲ့သို့ လျှောက်လွှာ တင်သွင်းနိုင်သည်။

၅၅။ နည်းဥပဒေ ၅၄ အရ လျှောက်ထားချက်နှင့်ပတ်သက်၍ အဆိုပါလျှောက်ထား သူသည် သတ်မှတ်ကြေညာခြင်းခံရသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် ပူးတွဲပိုင်ဆိုင်သည့် သို့မဟုတ် ငှားရမ်းထားသည့် ပစ္စည်းတစ်ရပ်ရပ်တွင် အကျိုးသက်ဆိုင်မှုရှိပါက ဗဟိုအဖွဲ့သည် အောက်ဖော် ပြပါအတိုင်းဆောင်ရွက်ရန် အမိန့်တစ်ရပ်ထုတ်ပြန်နိုင်သည်-

(က) ထိန်းချုပ်ထားသောပစ္စည်းများအားရောင်းချရန် သို့မဟုတ် အခြားနည်းလမ်းဖြင့် ငွေသားအဖြစ်ပြောင်းလဲရန်ခွင့်ပြုခြင်း၊

(ခ) အဆိုပါတတိယပုဂ္ဂိုလ်၊ အဖွဲ့အစည်း၏ အကျိုးသက်ဆိုင်မှုတန်ဖိုးပမာဏရှိသည့် ငွေကြေးကို ရောင်းချရသည့်အသားတင်ငွေမှ ယင်းပုဂ္ဂိုလ်၊ အဖွဲ့အစည်းသို့ပေးအပ်ရန်၊

(ဂ) ထိန်းချုပ်မိန့်အား ဆက်လက်အတည်ပြုထားရှိနိုင်ရေးအတွက် သတ်မှတ် ကြေညာခြင်းခံရသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ အကျိုးသက်ဆိုင်မှု ပမာဏကို အဆိုပါပစ္စည်းရောင်းချရငွေလက်ကျန်မှ ချန်လှပ်ထားရှိရန်။

၅၆။ ဗဟိုအဖွဲ့သည် ထိန်းချုပ်မိန့်ကို ပယ်ဖျက်ခြင်း၊ သဘောရိုးဖြင့် ဆက်နွယ်ပတ်သက်သည့် တတိယလူပုဂ္ဂိုလ်နှင့်အဖွဲ့ အစည်းများ၏ ရန်ပုံငွေများကို ထိန်းချုပ်ထားရှိ ခြင်းမှပယ်ဖျက်ခြင်းနှင့် အဆိုပါ ပယ်ဖျက်မှုများကို နိုင်ငံတော်ပြန်တမ်းနှင့် သက်ဆိုင်ရာ အင်တာနက်စာမျက်နှာများတွင် ထုတ်ပြန် ကြေညာရမည်။

၅၇။ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၂၆၇၊ ၁၉၈၉ နှင့် နောက်ဆက်တွဲဆုံးဖြတ်ချက်များအရ သတ်မှတ်ကြေညာခြင်းများဆိုင်ရာနည်းဥပဒေ၆နှင့်အညီ ထိန်းချုပ်ထားသည့် ရန်ပုံငွေများနှင့်ပတ်သက်၍ သဘောရိုးဖြင့် ဆက်နွယ်ပတ်သက်သော တတိယ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုတစ်ရပ်ရပ်သည် အဆိုပါ ပိုင်ဆိုင်ပစ္စည်းများ သို့မဟုတ် ရန်ပုံငွေများအား ထိန်းချုပ်ခြင်းမှပယ်ဖျက်ပေးရန် လျှောက်လွှာကို အောက်ဖော်ပြပါ နည်းလမ်းများအတိုင်းတင်သွင်းနိုင်သည်-

(က) ဗဟိုအဖွဲ့မှတစ်ဆင့် သက်ဆိုင်ရာအရေးယူပိတ်ဆို့ရေးကော်မတီသို့တင်ပြခြင်း၊

(ခ) ကုလသမဂ္ဂဆိုင်ရာ တာဝန်ခံဆက်သွယ် ဆောင်ရွက်သူမှတစ်ဆင့် ကုလသမဂ္ဂအရေးယူဆောင်ရွက်ရေးကော်မတီသို့ တိုက်ရိုက်တင်သွင်း၍ ဗဟိုအဖွဲ့သို့ မိတ္တူပေးပို့ခြင်း။

၅၈။ နည်းဥပဒေ ၅၇ အရ လျှောက်လွှာတင်သွင်းသည့်အခါ လိုအပ်သော စာရွက်စာတမ်းနှင့် အထောက်အထားများကိုပူးတွဲတင်ပြရမည်။

၅၉။ စုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း သဘောရိုးဖြင့်ဆက်နွယ်ပတ်သက်သည့် တတိယလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းသည် နည်းဥပဒေ ၉ အရ ဗဟိုအဖွဲ့က သတ်မှတ်ကြေညာခြင်းခံရသော လူပုဂ္ဂိုလ်များဆိုင်ရာ အမှုတွင်သက်ဆိုင်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ထိန်းချုပ်ထားသည့်ပစ္စည်းများနှင့်ပတ်သက်၍ လည်းကောင်း၊ မိမိ၏လုပ်ငန်းတာဝန်များကို ဗဟိုအဖွဲ့၏ညွှန်ကြားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ရန်လည်းကောင်း လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုအဖွဲ့သို့တင်ပြရမည်။

၆၀။ တတိယလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းသည် မိမိနစ်နာခဲ့ရသည့် ပိုင်ဆိုင်ပစ္စည်းများနှင့် ရန်ပုံငွေများအား သဘောရိုးဖြင့် အဖိုးစားနားပေး၍ တစ်နည်းနည်းဖြင့်လွှဲပြောင်းရယူထားပြီး လက်ဝယ်ထားရှိကြောင်း သက်သေပြရန် တာဝန်ရှိစေရမည်။

## အခန်း(၁၃)

## အထွေထွေ

၆၁။ တပ်မတော်က စစ်ဆင်ရေးတာဝန်ဆောင်ရွက် နေစဉ်ဖြစ်စေ၊ လုံခြုံရေးအဖွဲ့ အစည်းများက လုံခြုံရေးတာဝန်ဆောင်ရွက်နေစဉ်ဖြစ်စေ၊ တားဆီးနှိမ်နင်းရေးအဖွဲ့များကဖြစ်စေ အကြမ်းဖက်မှုကိုသော်လည်းကောင်း၊ အကြမ်းဖက်မှုကို ငွေကြေးနှင့်ပစ္စည်းများထောက်ပံ့မှုကိုသော် လည်းကောင်း ကျူးလွန်သူကိုတွေ့ရှိလျှင် သက်ဆိုင်ရာအဆင့်အမြင့်ဆုံးအရာရှိသည် ဖမ်းဆီးခြင်း၊ ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်း၊ အထောက်အထားစာရွက်စာတမ်း၊ ငွေကြေး၊ ပစ္စည်း၊ ယာဉ်နှင့် တိရိစ္ဆာန်များကို သိမ်းဆည်းခြင်းပြုနိုင်သည်။ ဖမ်းဆီးခြင်းခံရသူများနှင့် သက်သေခံပစ္စည်းများကို နေ့စဉ်အခြေအနေ အစီရင်ခံစာ (Daily Situation Report) ကောက်နုတ်ချက်မိတ္တူမှန်နှင့်အတူ နှောင့်နှေး ကြန့်ကြာခြင်းမရှိစေဘဲအနီးဆုံး မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းသို့ စနစ်တကျလွှဲအပ်ရမည်။

၆၂။ ဥပဒေပါ ပြစ်မှုတစ်ခုခုအတွက် ရှာဖွေအမိန့် ထုတ်ပေးခြင်း၊ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊ တရားစွဲတင်ပို့ခြင်းတို့နှင့်စပ်လျဉ်း၍ ဤနည်းဥပဒေများတွင် အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီလိုက်နာ ဆောင်ရွက်ရမည်။

၆၃။ ဗဟိုအဖွဲ့သည် ဥပဒေအရအရေးယူသော ပြစ်မှုနှင့်စပ်လျဉ်း၍ အောက်ပါပုဂ္ဂိုလ်များအား ဆုငွေချီးမြှင့်နိုင်ရေးအတွက် လိုအပ်သလို ဆောင်ရွက်နိုင်သည်-

(က) ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သတင်းပေးသူ၊

(ခ) လျှို့ဝှက်အမာခံသတင်းပေးသူ၊

(ဂ) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သည့် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိနိုင်ရန် ထိရောက်စွာတားဆီးနှိမ်နင်းသည့် တပ်ဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် ပြည်သူများ။

ဒုတိယဗိုလ်ချုပ်ကြီး ကိုကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

စာအမှတ်၊ ပထရ / ၂ / ၁-၁ ( ၁၂၀၂ ) / ၂၀၁၅
ရက် စွဲ၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံး

နေပြည်တော်ကောင်စီရုံး

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရုံး/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရုံး

ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများအားလုံး

| | |
|---|---|
| နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်<br>ရဲတပ်ဖွဲ့၊ တပ်ရင်း၊ တပ်ဖွဲ့များအားလုံး | မိမိဌာနလက်အောက်ရှိ ခရိုင်နှင့်မြို့နယ်<br>ရဲတပ်ဖွဲ့/စခန်းများသို့ ဖြန့်ဝေပေးပါရန် |
| ဦးဆောင်ညွှန်ကြားရေးမှူး<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း | မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြော်ငြာ<br>ပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ |

မိတ္တူကို

လက်ခံစာတွဲ

မျှောစာတွဲ